ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

အမှတ်၊ ၅ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ် လ ၂၃ ရက်)

## ဆုကြေးပွိုင့်များနှင့်စပ်လျဉ်း၍ အခွန်ကောက်ခံရမည့်ကိစ္စရပ်အားသတ်မှတ်ခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ၊ ပုဒ်မခွဲ(ဂ)နှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ စည်းမျဉ်း ၅၅ ၊ စည်းမျဉ်းခွဲ (ခ) တို့ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆုကြေးပွိုင့်အစီအစဉ်ဖြင့် ဆောင်ရွက်မှုများအပေါ် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည့်ကိစ္စရပ်များအား ရှင်းလင်းစွာ နားလည်လိုက်နာကျင့်သုံးနိုင်စေရန် ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

### နောက်ခံအကြောင်းအရာ

၂။ လက်လီအရောင်းဆိုင်များတွင် ဝယ်ယူအားပေးလေ့ရှိသူ သို့မဟုတ် ဝန်ဆောင်မှုရယူလေ့ရှိသူ များသည် ဆုကြေးပွိုင့်များပြန်ပေးသည့်အစီအစဉ်တွင် အဖွဲ့ဝင်(ဖောက်သည်)များ ဖြစ်လာကြပြီး ကုန်ပစ္စည်းများဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းများအတွက် အကျိုးခံစားခွင့်အနေဖြင့် ငွေပေးချေ ပြီးနောက် အဖွဲ့ဝင်(ဖောက်သည်)များအား ပြန်လည်ပေးအပ်သည့် ဆုကြေးပွိုင့်များကို Application Barcodes သို့မဟုတ် Member Cards ဖြင့်ရရှိပါသည်။ သတ်မှတ်ထားသောဆုကြေးပွိုင့် အရေအတွက်များ ရရှိပြီးနောက် အဖွဲ့ဝင်(ဖောက်သည်)အနေဖြင့် ကုန်ပစ္စည်းဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းတို့ အတွက် ဆုကြေးပွိုင့်အစီအစဉ်၏ စည်းကမ်းချက်များနှင့်အညီ ထိုဆုကြေးပွိုင့်များကို အသုံးပြုပေးချေ နိုင်ပါသည်။

၃။ လက်လီရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် အရောင်းဌာနရုံးချုပ်၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပြီး အဖွဲ့ဝင်(ဖောက်သည်)များက ကုန်ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းများအပေါ် အသုံးပြုပေးချေလာသောဆုကြေးပွိုင့်များအတွက် အရောင်းဌာနရုံးချုပ်ထံမှ ငွေသား ပြန်လည်လက်ခံရရှိပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၄။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်သည် ဆုကြေးပွိုင့်အစီအစဉ်အသုံးပြုခြင်းဖြင့် အဖွဲ့ဝင် (ဖောက်သည်)မှ လက်လီရောင်းချသူသို့ အမှန်တကယ်ငွေပေးချေမှုနှင့် အရောင်းဌာနရုံးချုပ်မှ လက်လီ

ရောင်းချသူသို့ ဆုကြေးပွိုင့်များအတွက် ငွေပေးချေမှုတို့နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။ ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ထားသည့် အဖွဲ့ဝင်(ဖောက်သည်)များအပေါ်တွင်လည်း မည်သို့ကျင့်သုံးဆောင်ရွက်မည် ဖြစ်ကြောင်းကို ရှင်းလင်းအသိပေးချက်လည်းဖြစ်ပါသည်။ အောက်ပါအခွန်အမျိုးအစား နှစ်ခုလုံးနှင့် အကျုံးဝင်ပါသည်-

(က) ဝင်ငွေခွန်၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်။

## အကျိုးသက်ရောက်သူများ

၅။ ဤလိုက်နာကျင့်သုံးရန်ထုတ်ပြန်သတ်မှတ်ချက်သည် အောက်ပါတို့အပေါ် အကျိုးသက်ရောက် ပါသည်-

(က) ဆုကြေးပွိုင့်အစီအစဉ်၏အဖွဲ့ဝင် (ဖောက်သည်)များ၊

(ခ) လက်လီရောင်းချသူ ၊

(ဂ) အရောင်းဌာနရုံးချုပ်(ကုမ္ပဏီ)။

## သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်၊ အမိန့်ကြော်ငြာစာ နှင့် လမ်းညွှန်ချက်များ

၆။ သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေခွန်ဥပဒေ

(၁) ပုဒ်မ ၃ ၊ ပုဒ်မခွဲ (စ)၊

(၂) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊

(၃) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)။

(ခ) ကုန်သွယ်လုပ်ငန်းခွန်

(၁) ပုဒ်မ ၃ ၊ ပုဒ်မခွဲ (င)၊

(၂) ပုဒ်မ ၃ ၊ ပုဒ်မခွဲ (စ)၊

(၃) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊

(၄) စည်းမျဉ်း ၄၂ ၊ စည်းမျဉ်းခွဲ (ဂ)၊ စည်းမျဉ်းခွဲငယ်(၃) နှင့် စည်းမျဉ်းခွဲ (ည)။

## လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

၇။ ဆုကြေးပွိုင့်အစီအစဉ်နှင့်စပ်လျဉ်းသောကိစ္စရပ်အတွက် ဥပဒေပြဋ္ဌာန်းချက်များကျင့်သုံးခြင်းအား ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် နမူနာဖြစ်စဉ်များဖြင့် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြပါသည်-

(က) နမူနာ - ၁




(၁) ဖြစ်စဉ်။ ၂၀၁၉ ခုနှစ် မေလ ၁ ရက်နေ့တွင် အဖွဲ့ဝင်(ဖောက်သည်)တစ်ဦးသည် ဆုကြေးပွိုင့်အစီအစဉ် စည်းကမ်းချက်များနှင့်အညီကုန်ပစ္စည်းများကို လက်လီရောင်းချသူထံမှ ၁၀၀,၀၀၀ ကျပ်ဖိုး ဝယ်ယူခဲ့ပါသည်။ ထိုအဖွဲ့ဝင်(ဖောက်သည်)သည် လုပ်ငန်းငယ်တစ်ခုကို လည်ပတ်နေပြီး လက်လီရောင်းချသူထံမှ ဝယ်ယူခဲ့သည့် ပစ္စည်းများမှာ ယင်းလုပ်ငန်းတွင် တိုက်ရိုက်အသုံးပြု ရောင်းချရန်ဖြစ်ပါသည်။ အဖွဲ့ဝင်(ဖောက်သည်)သည် မိမိ၏ Application Barcodes သို့မဟုတ် Member Cards ကို ငွေရှင်းကောင်တာတွင်ပြပြီး စုဆောင်းထားသည့် ဆုကြေးပွိုင့်များထဲမှ (၂၀၀၀၀)ပွိုင့်ဖြင့် ပေးချေရမည့်ငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးချေရန်ရွေးချယ်ခဲ့ရာ ငွေရှင်းကောင်တာမှ လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက်ငွေရှင်းကောင်တာမှ Barcodes သို့မဟုတ် Member Cards ကို စနစ်တွင် (scan)ဖတ်စေကာ အဖွဲ့ဝင်(ဖောက်သည်) စုဆောင်းထားခဲ့သည့် ဆုကြေးပွိုင့်များထဲမှ (၂၀၀၀၀) ပွိုင့်ကို စနစ်ကအလိုအလျောက် နုတ်ယူဖြတ်တောက်သွားပြီး အဖွဲ့ဝင်(ဖောက်သည်)မှ လက်လီရောင်းချသူသို့ ငွေသား (၈၀၀၀၀) ကျပ်သာ ပေးချေရပါသည်။ လက်လီရောင်းချသူသည် အရောင်းဌာနရုံးချုပ်၏ လုပ်ငန်းခွဲဖြစ်ပြီး အရောင်းဌာနရုံးချုပ် (အရောင်းဌာနကိုယ်စား ဆုကြေးပွိုင့်အစီအစဉ် အဖွဲ့ဝင်(ဖောက်သည်)များ၏ ဝယ်ယူခြင်းအလေ့အထများကို သရုပ်ခွဲဆန်းစစ်သည့်သီးခြားဌာနခွဲ)နှင့် ဝန်ဆောင်မှုပေးအပ်ခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုထားပါသည်။ ယင်းစာချုပ်တွင် ဆုကြေးပွိုင့်အစီအစဉ် အဖွဲ့ဝင်(ဖောက်သည်)များထံမှ လက်ခံရရှိသော ပွိုင့်အရေအတွက်နှင့် ညီမျှသည့်ငွေပမာဏကို လက်လီရောင်းချသူမှ ပြန်လည်ထုတ်ယူရရှိမည်ဖြစ်ကြောင်း သဘောတူညီမှုထားရှိပါသည်။ (ဥပမာ-ရုံးချုပ်မှ ပြန်လည်ထုတ်ပေးမည့် ပမာဏမှာ ပွိုင့်(၁)ခုလျှင် (၁)ကျပ် သတ်မှတ်ထားပါသည်။) လက်လီရောင်းချသူသည် ရုံးချုပ်မှငွေပြန်ထုတ်ပေးရန်အတွက် လက်ခံရရှိထားသော ပွိုင့်အရေအတွက် ၊ ပွိုင့်သုံးစွဲလိုက်သော အဖွဲ့ဝင်(ဖောက်သည်)၏ Barcodes

နံပါတ်(ယင်းတွင်အဖွဲ့ဝင်(ဖောက်သည်)မှ ဝယ်ယူသုံးစွဲလိုက်သော အချက်အလက် ပုံစံများလည်း ပါဝင်ပါသည် ) တို့ဖြင့်ငွေတောင်းခံလွှာ(invoice)ကို အရောင်းဌာန ရုံးချုပ်သို့ လစဉ်လဆန်း ၁ ရက်နေ့တွင် တင်ပြရန်လိုအပ်ပြီး ယင်းလ၏ ၁၅ ရက်နေ့ထက် နောက်မကျစေဘဲရုံးချုပ်မှ ငွေပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ ဤဖြစ်စဉ်တွင် အဖွဲ့ဝင်(ဖောက်သည်) ၊ လက်လီရောင်းချသူနှင့် အရောင်းဌာန ရုံးချုပ်တို့မှာ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄ အရ လုပ်ငန်းမှတ်ပုံတင်လက်မှတ် ရရှိထားသူများဖြစ်ကြသည်။

**(၂) လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးဆောင်ရွက်ခြင်း**

**(ကက) ဝင်ငွေထုတ်ဖော်ခြင်းနှင့် အသုံးစရိတ်ခွင့်ပြုခြင်း**

လက်လီရောင်းချသူ။ ၂၀၁၉ခုနှစ် မေလ ၁ ရက်နေ့တွင် လက်လီ ရောင်းချသူသည် ကုန်ပစ္စည်းရောင်းချခြင်းအတွက် အဖွဲ့ဝင်(ဖောက်သည်) ထံမှ ငွေသား ၈၀၀၀၀ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) ရရှိပါသည်။ ဆုကြေးပွိုင့်ဖြင့် ရောင်းချခဲ့ခြင်းအတွက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် အရောင်းဌာနရုံးချုပ်မှ ပြန်လည်ထုတ်ပေးငွေ ၂၀၀၀၀ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်)ကို လက်ခံရရှိခဲ့သည်။ ထို့ကြောင့် လက်လီရောင်းချသူသည် မူလရောင်းဈေးတန်ဖိုးစုစုပေါင်း ၁၀၀၀၀၀ ကျပ် ( ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် )ကို လက်ခံရရှိခဲ့သည်။ လက်လီ ရောင်းချသူသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(စ) အရ ဝင်ငွေရရှိသဖြင့် လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) အရ မိမိရရှိသော ဝင်ငွေအတွက် စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ထမ်းဆောင် ရမည်ဖြစ်ခြင်းကြောင့်လည်းကောင်း လက်ခံရရှိသော ဝင်ငွေအားလုံးကို ဝင်ငွေကြေညာလွှာတင်သွင်း၍ ထုတ်ဖော်ကြေညာရန်လိုအပ်ပါသည်။ ထို့ကြောင့် လက်လီရောင်းချသူက ထုတ်ဖော်ကြေညာရမည့်ငွေမှာ ကုန်သွယ်လုပ်ငန်းခွန်မပါသည့်ငွေဖြစ်ပြီး အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| လက်လီရောင်းချသူရရှိသည့်ငွေစုစုပေါင်း<br>(ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) | = | ၁၀၀၀၀၀ကျပ် |
| ကျသင့်ကုန်သွယ်လုပ်ငန်းခွန်(၅%)<br>( ၁၀၀၀၀၀ x ၅/၁၀၅) | = | ၄၇၆၂ကျပ် |
| ထုတ်ဖော်ကြေညာရမည့်ငွေ(ကသခ မပါ)<br>( ၁၀၀၀၀၀ကျပ် - ၄၇၆၂ကျပ်) | = | ၉၅၂၃၈ကျပ် |

**အရောင်းဌာနရုံးချုပ်။** ဝင်ငွေရရှိစေရန် ကျခံသုံးစွဲခဲ့သည့် လုပ်ငန်းကုန်ကျစရိတ်များကို နုတ်ပယ်ခွင့်ရှိသည်ဟူသော ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်အရ အရောင်းဌာနရုံးချုပ်သည် လက်လီအရောင်းဆိုင်သို့ ပြန်လည်ထုတ်ပေးခဲ့သော ကုန်သွယ်လုပ်ငန်းခွန်မပါဝင်သည့်ပေးချေငွေ ၁၉၀၄၈ကျပ် (၂၀၀၀၀ကျပ် - ကုန်သွယ်လုပ်ငန်းခွန် ၉၅၂ ကျပ်) ကို လုပ်ငန်းကုန်ကျစရိတ်အဖြစ် နုတ်ပယ်ခွင့် ရှိပါသည်။

**အဖွဲ့ဝင်(ဖောက်သည်)။** အဖွဲ့ဝင် (ဖောက်သည်) သည် မိမိ၏ လုပ်ငန်းတွင် တိုက်ရိုက်အသုံးပြုရန်အတွက် ကုန်ပစ္စည်းဝယ်ယူရာတွင် ၈၀၀၀၀ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်)ကို ငွေသားဖြင့်ပေးချေခဲ့သည်။ ဝင်ငွေရရှိစေရန်အတွက် ကျခံသုံးစွဲခဲ့သည့် လုပ်ငန်းကုန်ကျစရိတ်များကို နုတ်ပယ်ခွင့်ရှိသည်ဟူသော ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ အဖွဲ့ဝင်(ဖောက်သည်)သည် အမှန်တကယ် ပေးချေခဲ့သည့် ငွေကိုသာစရိတ်အဖြစ် နုတ်ပယ်ခွင့် ရရှိမည်ဖြစ်ပြီး ကုန်ပစ္စည်း စုစုပေါင်းတန်ဖိုးကို နုတ်ပယ်ခွင့်မရှိပါ။ နုတ်ပယ်ခွင့်ပြုသည်မှာ အမှန်တကယ် ပေးချေခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်မပါ ပေးချေငွေဖြစ်ပြီး အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| ကုန်ပစ္စည်းတန်ဖိုး<br>(ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) | = | ၁၀၀၀၀၀ ကျပ် |
| ဆုကြေးပွိုင့်ဖြင့်ပေးချေမှု | = | ၂၀၀၀၀ ပွိုင့် |
| အမှန်တကယ်ပေးချေမှု<br>(ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) | = | ၈၀၀၀၀ ကျပ် |
| ကုန်သွယ်လုပ်ငန်းခွန်(၅%)<br>(၈၀၀၀၀ x ၅/၁၀၅) | = | ၃၈၁၀ ကျပ် |
| ကုန်ဝယ်စရိတ်အဖြစ်နုတ်ပယ်ခွင့်<br>ပြုသည့်တန်ဖိုး(၈၀၀၀၀ကျပ်-၃၈၁၀ကျပ်) | = | ၇၆၁၉၀ ကျပ် |

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်း

**လက်လီရောင်းချသူ။** လက်လီရောင်းချသူသည် ရောင်းချလိုက်သော ကုန်ပစ္စည်းအတွက် အဖွဲ့ဝင်(ဖောက်သည်)ထံမှ အမှန်တကယ်ရငွေ (ငွေသားဖြင့်) ၈၀၀၀၀ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) နှင့် ဆုကြေးပွိုင့်ဖြင့်လက်ခံသည့်ဝန်ဆောင်မှုပေးခြင်းအတွက် အရောင်းဌာနရုံးချုပ်မှပေးချေငွေ ၂၀၀၀၀ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်)

အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံပေးရန် တာဝန်ရှိပါသည်။ လက်လီရောင်းချသူသည် မူလရောင်းဈေးတန်ဖိုးစုစုပေါင်း ၁၀၀၀၀၀ ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်)ကို လက်ခံရရှိခဲ့သဖြင့် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်စုစုပေါင်းမှာ ၄၇၆၂ ကျပ် (၁၀၀၀၀၀ကျပ် x ၅/၁၀၅) ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃ ၊ ပုဒ်မခွဲ(င)နှင့် (စ) အရ လည်းကောင်း၊ ပုဒ်မ၁၂ ၊ ပုဒ်မခွဲ (က) အရလည်းကောင်း၊ ၂၀၁၉ ခုနှစ် မေလ ၁ ရက်နေ့တွင် ပစ္စည်းရောင်းချလိုက်ခြင်းအတွက် ငွေသားဖြင့်ရငွေ အပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၃၈၁၀ ကျပ် (၈၀၀၀၀ကျပ်x ၅/၁၀၅) ကို ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၁၀ ရက်နေ့အတွင်း ပေးဆောင်ရမည်ဖြစ်ပြီး ၊ ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်နေ့တွင် အရောင်းဌာနရုံးချုပ်သို့ ဆုကြေးပွိုင့် အတွက် ငွေတောင်းခံလွှာဖြင့်တင်ပြတောင်းခံခဲ့သည့် ရငွေအပေါ် ကျသင့် ကုန်သွယ်လုပ်ငန်းခွန် ၉၅၂ ကျပ် (၂၀၀၀၀ကျပ် x ၅/၁၀၅) ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

**အရောင်းဌာနရုံးချုပ်။** အရောင်းဌာနရုံးချုပ်သည် ဆုကြေးပွိုင့်အတွက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် လက်လီရောင်းချသူသို့ ပေးချေခဲ့သည့် ငွေတွင် ကုန်သွယ်လုပ်ငန်းခွန် ၉၅၂ကျပ်(၂၀၀၀၀ကျပ်x၅/၁၀၅) ပါဝင်သဖြင့် အခွန်ခုနှိမ်ရန် တောင်းဆိုခွင့်ရှိပါသည်။ ထို့ကြောင့် အရောင်းဌာနရုံးချုပ် အနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အတွင်း ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာ၌ ဆုကြေးပွိုင့်အတွက် ငွေသားပေးချေမှုတွင် ပါဝင်သည့် ကုန်သွယ်လုပ်ငန်းခွန် ၉၅၂ ကျပ်ကို ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ဂ) ၊ စည်းမျဉ်းခွဲငယ် (၃) နှင့် စည်းမျဉ်း ၄၂၊ စည်းမျဉ်းခွဲ (ည) တို့နှင့်အညီ ခုနှိမ်ပေးသွင်းနိုင်ပါသည်။

**အဖွဲ့ဝင်(ဖောက်သည်)။** အဖွဲ့ဝင် (ဖောက်သည်) သည် ၂၀၁၉ ခုနှစ် ၊ မေလ (၁) ရက်နေ့ ကုန်စည်ဝယ်ယူစဉ် အမှန်တကယ် ပေးချေခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန် ၃၈၁၀ ကျပ် ( ၈၀၀၀၀ကျပ်x ၅/၁၀၅ ) ကို ခုနှိမ်ရန် တောင်းဆိုခွင့်ရှိပါသည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် ၊ ဇွန်လ (၁၀) ရက်နေ့ အတွင်း ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင် အမှန်တကယ်ပေးချေ ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန် ၃၈၁၀ ကျပ် ကို ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂ ၊ စည်းမျဉ်းခွဲ(ဂ) ၊ စည်းမျဉ်းခွဲငယ် (၃) နှင့် စည်းမျဉ်း ၄၂ ၊ စည်းမျဉ်းခွဲ(ည) တို့နှင့်အညီ ထည့်သွင်းတွက်ချက် ခုနှိမ်ပေးသွင်းနိုင် ပါသည်။ သို့ရာတွင် အဖွဲ့ဝင်(ဖောက်သည်)သည် ကုန်သွယ်လုပ်ငန်းခွန်

မှတ်ပုံတင်ထားခြင်းမရှိလျှင် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်မရှိပါ။

( ခ ) နမူနာ - ၂

(၁) ဖြစ်စဉ်။ အကြောင်းအရာများမှာ အထက်ဖော်ပြပါနမူနာ-၁နှင့် တူညီသော်လည်း လက်လီရောင်းချသူသည် ဆုကြေးပွိုင့်အစီအစဉ်၏ စည်းကမ်းချက်များနှင့်အညီ ဆုကြေးပွိုင့်များကို လက်ခံဆောင်ရွက်ပြီး အရောင်းဌာနရုံးချုပ်၏လုပ်ငန်းခွဲ မဟုတ်သဖြင့် မည်သည့်ဆုကြေးပွိုင့်အတွက်မှ ငွေပြန်လည်ရရှိခြင်းမရှိသည့် အခြေအနေဖြစ်ပါသည်။ လက်လီရောင်းချသူသည် စားသောက်ကုန်၊ စာအုပ်၊ တေးသီချင်း စသည့်ကုန်ပစ္စည်းမျိုးစုံ ရောင်းချခြင်း၊ ကဖီးဆိုင်များ ဖွင့်လှစ် ရောင်းချခြင်းဖြင့် လည်ပတ်နေသော လက်လီရောင်းချသူ အုပ်စုကြီးတစ်စု၏ အစိတ်အပိုင်းဖြစ်ပြီး ဆုကြေးပွိုင့်အစီအစဉ် ဆောင်ရွက်ခြင်းမှာ အမြတ်အစွန်း တိုးတက်ရရှိရေးအတွက် အဖွဲ့ဝင်(ဖောက်သည်)များ၏ ဝယ်ယူခြင်း အလေ့အထ များကို သရုပ်ခွဲဆန်းစစ်ခြင်းဖြစ်ပါသည်။

(၂) လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးဆောင်ရွက်ခြင်း

(ကက) ဝင်ငွေထုတ်ဖော်ခြင်းနှင့် အသုံးစရိတ်ခွင့်ပြုခြင်း

**လက်လီရောင်းချသူ**။ ၂၀၁၉ ခုနှစ် မေလ ၁ ရက်နေ့တွင် အဖွဲ့ဝင် (ဖောက်သည်)တစ်ဦးသည် ဆုကြေးပွိုင့်အစီအစဉ် စည်းကမ်းချက်များနှင့် အညီ ကုန်ပစ္စည်းများကို လက်လီရောင်းချသူထံမှ ၁၀၀,၀၀၀ ကျပ်ဖိုး ဝယ်ယူခဲ့ပါသည်။ အဖွဲ့ဝင်(ဖောက်သည်)သည် မိမိ၏ Application Barcodes သို့မဟုတ် Member Cards ကို ငွေရှင်းကောင်တာတွင်ပြပြီး စုဆောင်းထားသည့် ဆုကြေးပွိုင့်များထဲမှ (၂၀၀၀၀) ပွိုင့်ဖြင့် ပေးချေ ရမည့်ငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေရန်ရွေးချယ်ခဲ့ရာ ငွေရှင်း ကောင်တာမှ လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက် ငွေရှင်း ကောင်တာမှ Barcodes သို့မဟုတ် Member Cards ကို စနစ်တွင် (scan) ဖတ်စေကာ အဖွဲ့ဝင်(ဖောက်သည်) စုဆောင်းထားခဲ့သည့် ဆုကြေးပွိုင့်များ ထဲမှ (၂၀၀၀၀ ) ပွိုင့်ကို စနစ်ကအလိုအလျောက် နုတ်ယူဖြတ်တောက် သွားပြီး အဖွဲ့ဝင်(ဖောက်သည်)မှ လက်လီရောင်းချသူသို့ ငွေသား (၈၀၀၀၀)ကျပ်သာ ပေးချေရပါသည်။ လက်လီရောင်းချသူသည် အဖွဲ့ဝင် (ဖောက်သည်) ထံသို့ရောင်းချခဲ့သည့် တန်ဖိုး ၁၀၀၀၀၀ကျပ် အနက်မှ ငွေသားဖြင့် ၈၀၀၀၀ကျပ် (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) လက်ခံရရှိ ခဲ့ပါသည်။ ထိုလက်လီရောင်းချသူသည် အရောင်းဌာနရုံးချုပ်၏ လုပ်ငန်းခွဲ

မဟုတ်သဖြင့် (၂၀၀၀၀)ပွိုင့်လက်ခံရရှိခြင်းအတွက် ပြန်ထုတ်ပေးငွေမရှိပါ။ ဆုကြေးပွိုင့်ဖြင့် ပေးချေမှုအပိုင်းအတွက် ငွေကြေး သို့မဟုတ် တူညီသော တန်ဖိုးသတ်မှတ်ထားခြင်းမရှိပါ။ အထက်ပါအခြေအနေသည် အခ်ိဳ့ဟယ် ရှင်းလင်းဖွင့်ဆိုချက် အမှတ် ၆/၂၀၁၈ ဖြင့် ထုတ်ပြန်ထားသည့် ငွေသားဖြင့် ပေးချေမှုမဟုတ်ဘဲ အခြားနည်းဖြင့်ပေးချေသည့်အတွက် အဖိုးအခ သဘောမျိုးသတ်မှတ်သည့်ကိစ္စရပ် (ကုမ္ပဏီအစုရှယ်ယာကို ပေးချေခြင်း)နှင့် မတူညီသည့်အခြေအနေဖြစ်ပါသည်။ ဤဥပမာသည်ဆုကြေးပွိုင့်များဖြင့် ပေးချေသည့် ဆုကြေးပွိုင့်အစီအစဉ် ကျင့်သုံးသော အခွန်ထမ်းများ၏ ရပိုင်ခွင့်ကိုသာ ပေးအပ်ခြင်းဖြစ်ပြီး၊ အဖိုးအခအနေဖြင့် ပေးအပ်ခြင်း မဟုတ်ပါ။ လက်လီရောင်းချသူသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ ဝင်ငွေရရှိသဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ၁၀၊ ပုဒ်မခွဲ (က) အရ မိမိရရှိသောဝင်ငွေအတွက် စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် ဝင်ငွေခွန် ထမ်းဆောင်ရမည် ဖြစ်ခြင်းကြောင့်လည်းကောင်း လက်ခံရရှိသောဝင်ငွေ အားလုံးကို ဝင်ငွေကြေညာလွှာတင်သွင်း၍ ထုတ်ဖော်ကြေညာရန် လိုအပ် ပါသည်။ ထို့ကြောင့် လက်လီရောင်းချသူက ထုတ်ဖော်ကြေညာရမည့် ငွေမှာ ကုန်သွယ်လုပ်ငန်းခွန်မပါသည့်ငွေဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| လက်လီရောင်းချသူရရှိသည့်ငွေစုစုပေါင်း (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်) | = | ၈၀၀၀၀ ကျပ် |
| ကျသင့်ကုန်သွယ်လုပ်ငန်းခွန်(၅%) ( ၈၀၀၀၀ x ၅/၁၀၅) | = | ၃၈၁၀ ကျပ် |
| ထုတ်ဖော်ကြေညာရမည့်ငွေ(ကသခ မပါ) ( ၈၀၀၀၀ ကျပ် - ၃၈၁၀ ကျပ်) | = | ၇၆၁၉၀ ကျပ် |

**အဖွဲ့ဝင်(ဖောက်သည်)။** နမူနာ(၁)အတိုင်းဖြစ်ပါသည်။

( ခခ )ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်း

**လက်လီရောင်းချသူ။** လက်လီရောင်းချသူသည် ရောင်းချလိုက်သော ကုန်ပစ္စည်းရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံ ပေးရန်လိုအပ်ပါသည်။ ရောင်းချလိုက်သည့် ကုန်ပစ္စည်းအတွက် အမှန် တကယ်ရရှိငွေမှာ ၈၀၀၀၀ ကျပ် (ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်) ဖြစ်ပြီး ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန် စုစုပေါင်းမှာ ၃၈၁၀ ကျပ် (၈၀၀၀၀ကျပ်x ၅/၁၀၅) ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ၊ မေလ ၁ ရက်နေ့တွင်

ပစ္စည်းရောင်းချလိုက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

**အဖွဲ့ဝင်(ဖောက်သည်)။** နမူနာ(၁)အတိုင်းဖြစ်ပါသည်။

၈။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂) / ဥစ-၁/ ပတခ/ ၂၀၁၉( ၉၅၁၆)
ရက် စွဲ၊ ၂၀၁၉ ခုနှစ် ဩဂုတ် လ ၂၃ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ် ၊ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်(အားလုံး)
ဌာနခွဲညွှန်ကြားရေးမှူး(အားလုံး)
ဌာနမှူး၊အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)၊(၄)
တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး(အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန်ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ
မျှောစာတွဲ